K.N.D.F

# Karenni Nationalities Defence Force
# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့။

ဖယ်ခုံမြို့နယ်၊ ခေါင်းအိကျေးရွာအုပ်စု၊ လတူးရွာသစ် အနီးတွင် အကြမ်းဖက် စစ်ကောင်စီတပ်များမှ စစ်ကြောင်းထိုးမှုကြောင့် တိုက်ပွဲများ ပြင်းထန်လျက်ရှိပါသည်။ မနေ့က နိုဝင်ဘာလ (၇) ရက်နေ့နှင့် ယနေ့ (၈) ရက်နေ့တို့တွင် နှစ်ဖက်ထိတွေ့တိုက်ပွဲများ ပြင်းထန်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် တိုက်ပွဲဖြစ်ပွားရာ လတူးရွာသစ်အတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်စီးခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များမှ ထိခိုက်ကျဆုံးမှုများ ရှိခဲ့သော်လည်း အရေအတွက်ကိုအတည်မပြုနိုင်သေးပါ။ မိမိတို့ဘက်မှ ရဲဘော် အချို့ အသေးစား ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုများကြောင့် ဖယ်ခုံမြို့တွင်း ရပ်ကွက်ရှိလူနေအိမ်များ ပျက်စီးခဲ့ပြီး ရပ်ကွက်နေပြည်သူများ စစ်ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြရပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၇၅၅၈၈၄၀၄၁၊ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။